- အမှာစာ
- နိဒါန်း
အခန်း (၁) သီအိုရီဖွံ့ဖြိုးမှုဖြစ်စဉ်
အခန်း (၂) ပြင်သစ်ပြည်မှ ယန္တရားဝါဒ
အခန်း (၃) ဗြိတိန်ပြည်မှ လက်တွေ့ကျဝါဒနှင့် ဆင်ခြင်ခြင်း အဓိကဝါဒ
အခန်း (၄) ဂျာမနီမှ သိပ္ပံနည်းကျစိတ်ပညာ
အခန်း (၅) တစ်ချနား မတိုင်မီက အမေရိကန်စိတ်ပညာ
အခန်း (၆) တစ်ချနားနှင့် စိတ်အဆောက်အအုံဝါဒ
အခန်း (၇) အလုပ်ဝါဒ
အခန်း (၈) ရှေးဦးအပြုအမူဝါဒ
အခန်း (၉) အပြုအမူဝါဒ၏ အရင့်ကျက်ဆုံးအချိန် (၁)
အခန်း (၁၀) အပြုအမူဝါဒ၏ အရင့်ကျက်ဆုံးအချိန် (၂)
အခန်း (၁၁) ဂက်စတော့ စိတ်ပညာ
အခန်း (၁၂) ကတ်လဗင်း၏ စက်ကွင်းသီအိုရီ
အခန်း (၁၃) ဆစ်ဂမန်ဖရွိုက်၏ ရှေးမူစိတ်စိစစ်မှုပညာဂိုဏ်း
အခန်း (၁၄) ခေတ်သစ်စိတ်စိစစ်မှု ပညာရှင်များ
အခန်း (၁၅) လူအဓိကပြု စိတ်ပညာ
အခန်း (၁၆) အပြုအမူ ဝါဒသစ်များ
- နိဂုံး
- ကျမ်းကိုးစာရင်း
- စိတ်ပညာဝေါဟာရစာရင်း

"စိတ်ပညာ၏ အတိတ်သည် ကာလရှည်ကြာသလောက်၊ စိတ်ပညာသမိုင်းကမူ တိုတောင်းလှသည်" ဟု စိတ်ပညာသမိုင်းဆရာ ဘိုးရင်းက ဆိုခဲ့ပေသည်။ ယင်းကဲ့သို့ဆိုရခြင်းမှာ ရှေးဂရိခေတ် ဒဿနိကပညာရှင်များ ဖြစ်ကြသော အရစ္စတိုတယ်၊ ဆိုကရေးတီး၊ ပလေတိုး စသော ပညာရှင်များကိုယ်တိုင် "စိတ်" အကြောင်းကို စိတ်ဝင်စားကြသော်လည်း "စိတ်" အကြောင်းကို စနစ်တကျလေ့လာမှုမှာမူ (၁၉) ရာစုနှစ်၏ အစပိုင်းလောက်တွင်မှ ပေါ်ထွန်းလာသောကြောင့် ဖြစ်ပေသည်။ ယခုအခါတွင် ကျွန်တော်သည် ယင်းစိတ်ပညာသမိုင်းကို မြန်မာဘာသာဖြင့် ကြိုးပမ်းအားထုတ်၍ ရေးသားပြုစုခဲ့ပေပြီ။

ယင်းသို့ ရေးသားရာတွင် ကျွန်တော်၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ (၂၀) ရာစုနှစ်တွင် ဖွံ့ဖြိုးခဲ့သော စိတ်ပညာအကြောင်းကိုလည်းကောင်း၊ စိတ်ပညာ၏ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုပုံကိုလည်းကောင်း၊ စိတ်ပညာရှင်တို့၏ လူသားဆန်သော လုပ်ရှားပြုမူမှုများ အကြောင်းကိုလည်းကောင်း ကျွန်တော်တို့၏ မြန်မာစာဖတ်ပရိသတ် နားလည်သဘောပေါက်စေလိုသောကြောင့် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် စိတ်ပညာသမိုင်းတည်းဟူသော စင်တော်ကြီးတွင် လှုပ်ရှားပါဝင် ကပြခဲ့ကြသော ရုရှား၊ ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် စသည့် စိတ်ပညာရှင်များ၏ အခန်းကဏ္ဍကို ပီပီပြင်ပြင် မြင်စေလိုသောဆန္ဒကြောင့်ဟု ဆိုရပါမည်။

ဤကျမ်းကို ပြုစုရာ၌ စိတ်ပညာရှင်တို့အကြောင်းကိုလည်း သိစေချင်သည်။ ထိုသူတို့ ပြုစုခဲ့သော ကျမ်းများကိုလည်း ရိပ်စားမိစေချင်သည်။ ထိုသူတို့ တင်ပြခဲ့သော အယူအဆ၊ သီအိုရီတို့၏ အတိမ်အနက်ကိုလည်း ခန့်မှန်းမိစေချင်သည်။ ထိုသူတို့ ပြုလုပ်ခဲ့သော စမ်းသပ်မှုများ၏ လေးနက်မှု၊ အရေးပါမှုကိုလည်း သတိပြုစေချင်သည်။ ယင်းအယူအဆ၊ သီအိုရီနှင့် စမ်းသပ်မှုများက လူ့အဖွဲ့အစည်းအပေါ် လွှမ်းမိုးမှု၊ အကျိုးသက်ရောက်မှု၏ အတိုင်းအတာပမာဏကိုလည်း အကဲဖြတ်စေချင်သည်။ ထိုသူတို့၏ သီအိုရီများ အောင်မြင်ပုံ၊ ဆုံးရှုံးပုံတို့ကိုလည်း သုံးသပ်ဝေဖန်စေချင်သည်ဟု ဖြစ်ပါသည်။